# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 23 , 2023 Volume 71, Number 16


၂၃.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၅ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၄၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၀၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၈.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## အိန္ဒိယ သကြားအမျိုးမျိုး အားလုံးတင်ပို့မှု ကန့်သတ်ချက်သက်တမ်းတိုး

အိန္ဒိယအစိုးရသည် အကြမ်း၊ အဖြူ၊ သန့်စင်ပြီးနှင့် အော်ဂဲနစ်အပါအဝင် သကြား အမျိုးမျိုး အားလုံးတင်ပို့မှု ကန့်သတ်ချက်ကို အောက်တိုဘာ ၃၁ ရက် နောက်ပိုင်းအထိ သက်တမ်းတိုးထားသည်။ လက်ရှိတွင် သကြားပြည်ပတင်ပို့ခွင့် တားမြစ်ချက်သည် အောက်တိုဘာလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ရက်အကန့်အသတ် မရှိ နောက်ထပ်ကြေညာချက် ထု တ်ပြန်သည်အထိ ဆက်လက်ပိတ်ပင်လိုက်ခြင်း ဖြစ်သည်။ သို့သော် သကြားရရှိနိုင်မှုအပေါ်မူတည်ပြီး သကြားပို့ကုန် ခွဲတမ်းချပေး သည်။

မုတ်သုံအားနည်းမှုကြောင့် ပြည်တွင်းထုတ်လုပ်မှု လျော့နည်းမည့်အပေါ် စိုးရိမ်မှုများရှိနေသဖြင့် သကြားတင်ပို့မှု ဆက်လက်ကန့်သတ်ထားလိုက်သည်။

သကြားတင်ပို့မှု ပိတ်ပင်ခြင်းသည် အီးယူနှင့်အမေရိကန်တို့ အကျုံးမဝင်ချေ။ အိန္ဒိယသည် အီးယူနှင့်အမေရိကန်တို့နှင့် အခွန်ဖြေလျော့မှု သဘောတူညီချက် လက်မှတ်ရေးထိုးထားသဖြင့် ၎င်းသဘောတူညီချက်ပါ သကြားခွဲတမ်းပမာဏကို တင်ပို့ပေးရမည် ဖြစ်သည်။

**Source: economictimes**

https://www.foodindustrydirectory.com.mm/food-industry/cuisine/ india/ item/7116-sugar.html


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm


## အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားဆိပ်ကမ်းသည် ရူပီး ၃၆၀ ဘီလီယံတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုများကို လက်မှတ်ရေးထိုး

အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့ရှိ Syama Prasad Mookherjee(SMP) ဆိပ်ကမ်း(မူလအမည်- ကော်လ်ကတ္တားဆိပ်ကမ်း)သည် ယခုလ ၁၇ ရက်နေ့က မွန်ဘိုင်းမြို့တွင် စတင်ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၃ ခုနှစ်၊ တတိယအကြိမ်မြောက် အိန္ဒိယနိုင်ငံ ကမ္ဘာလုံးဆိုင်ရာပင်လယ်ရေကြောင်း သွားလာမှုတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား (The Global Maritime India Summit 2023)တွင် စုစုပေါင်း ရူပီး ၃၆၀ ဘီလီယံတန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုများကို လက်မှတ်ရေးထိုး နိုင်ခဲ့ကြောင်း The Times of India သတင်းဌာနက ယခုလ ၁၈ ရက်နေ့တွင် ဖော်ပြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် SMP ၏ဥက္ကဋ္ဌဖြစ်သူ Rathendra Raman က ပါဝင်တက်ရောက်လာသောကုမ္ပဏီ၊ အဖွဲ့အစည်းအသီးသီးနှင့် နားလည်မှု စာချွန်လွှာ(၂၁)ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းကုမ္ပဏီ

အဖွဲ့အစည်းများတွင် ဆိပ်ကမ်းချိတ်ဆက်မှု၊ ဆိပ်ကမ်းစွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ၂၀၄၇ ခုနှစ် မျှော်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စိမ်းလန်းသော စွမ်းအင်စီမံကိန်းများကဲ့သို့ နယ်ပယ်အသီးသီးရှိ အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ဖော်ကိုင်ဖက်များ ပါဝင်သည်ဟုဆိုသည်။

၎င်းတို့ဆိပ်ကမ်းနှင့်လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာများအနက် အစိုးရလျှပ်စစ်ဓါတ်အားပေးစက်ရုံ NTPC နှင့်ချုပ်ဆိုသော စိမ်းလန်းသောစွမ်းအင်နှင့် အမိုးနီးယားဓါတ်ငွေ့ထုတ်လုပ်မှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် စိမ်းလန်းသော ပင်လယ်ရေကြောင်းသွားလာရေးယာဉ်များထုတ်လုပ်ရန် ကော်လ်ကတ္တားသင်္ဘောတည်ဆောက်ရေးနှင့်အင်ဂျင်နီယာကုမ္ပဏီ(Garden Reach Shipbuilders & Engineers Ltd- GRSE)နှင့်ချုပ်ဆိုသော နားလည်မှုစာချွန်လွှာများပါဝင်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါအခမ်းအနားတွင် ပထမဦးဆုံးအစိုးရနှင့်ပုဂ္ဂလိက ပူးတွဲလုပ်ကိုင်သောစီမံချက်(Public-Private Partnership-PPP Project) တစ်ခုဖြစ်သော SMP ဆိပ်ကမ်း၊ ကော်လ်ကတ္တားဆိပ်ခံစနစ်ရှိ ကစ်ဒါပိုးဆိပ်ခံ(Kidderpore Dock-KPD)အား အဆင့်မြှင့်တင်ရန် စီမံချက်ကို ဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ PPP စီမံချက်သည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီး ၁ ဒသမ ၈၁ ဘီလီယံရှိပြီး ဆိပ်ကမ်း၏ စွမ်းဆောင်ရည်ကို တစ်နှစ်လျှင် ၄ ဒသမ ၅ မက်ထရစ်တန်အထိ တိုးမြှင့်ပေးနိုင်ရန် ကြီးမားသောကုန်တင်ကုန်ချယန္တရား(၆)ခု ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း SMP ၏ ပြောရေး ဆိုခွင့်ရှိသူ တစ်ဦးကပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ (၃) ရက်ကြာကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် အိန္ဒိယနိုင်ငံ ကမ္ဘာလုံးဆိုင်ရာပင်လယ်ရေကြောင်းသွားလာမှုတွေ့ဆုံဆွေးနွေးပွဲအခမ်းအနား(The Global Maritime India Summit 2023)၏ပထမနေ့တွင်ပင် စုစုပေါင်း ရူပီး ၃ ဒသမ ၂၄ ထရီလီယံတန် သဘောတူညီမှု(၃၄)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ၎င်း၏ ဗွီဒီယိုမိန့်ခွန်းတွင် ဖော်ပြခဲ့ပါသည်။

Syama Prasad Mookherjee(SMP)ဆိပ်ကမ်းခေါ် ကော်လ်ကတ္တားဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံးကုန်တင်ကုန်ချဆိပ်ကမ်းတစ်ခုဖြစ်ပြီး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း မက်ထရစ်တန်ချိန် ၅၄ ဒသမ ၂၅၄ သန်းအထိ ကုန်တင်ကုန်ချလုပ်ငန်းများကို အများဆုံးကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း အိန္ဒိယအစိုးရက သတင်းထုတ်ပြန်ထားသည်။ ၎င်းသည် အိန္ဒိယနိုင်ငံ၏ အဓိကဆိပ်ကမ်း (၁၃)ခုအနက် အဆင့်(၆)တွင် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် ၎င်းသည် မြန်မာနိုင်ငံတွင် မကြာသေးမီကဖွင့်လှစ်ခဲ့သော စစ်တွေဆိပ်ကမ်းနှင့်ချိတ်ဆက်၍ ကုလားဒန်ဘက်စုံသွားလာရေးစီမံကိန်း၏ အဓိကဆက်သွယ်ရာ ဆိပ်ကမ်းလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ကုန်သွယ်မှုနှင့်ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းများတွင် များစွာအထောက်အကူပြုနိုင်ပါကြောင်း အဆိုပါဆိပ်ကမ်း၏ လတ်တလောဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သိရှိနိုင်ရေး လေ့လာသုံးသပ်တင်ပြလိုက်ရပါသည်။

**ရည်ညွှန်းချက်။ The Times of India သတင်းဌာန၊ “Kolkata Port inks 21 MoUs in ₹36,000cr deal”၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_20102023_12:01

## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ အောက်တိုဘာလလျာထားချက်မှာ ပို့ကုန် (၁.၅၀၀) ဒေါ်လာသန်း၊ သွင်းကုန် (၀.၀၃၀) ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ (၁.၅၃၀) ဒေါ်လာသန်းဖြစ်ပြီးအောက်တိုဘာလ (၁-၁၀-၂၀၂၃မှ၁၇-၁၀-၂၀၂၃ထိ) အမှန်ဆောင်ရွက်နိုင်မှုမှာပို့ကုန် (၀.၁၅၆)ဒေါ်လာသန်း၊ သွင်းကုန်(-) ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ (၀.၁၅၆) ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် (၁၀.၁၉%)ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့်စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပါတယ်။ အောက်တိုဘာလ (၁-၁၀-၂၀၂၃မှ၁၇-၁၀-၂၀၂၃ ထိ) တင်ပို့ခဲ့သော ကုန်ပစ္စည်းများဖြစ်သည့် လယ်ယာထွက်ကုန်ပစ္စည်းမှာ ကွမ်းသီး(၁၇.၂)တန်၊တန်ဖိုး(၀.၀၁၃)ဒေါ်လာသန်း၊ ဒညင်းသီး (၃၈) တန်၊ တန်ဖိုး (၀.၀၁၁) ဒေါ်လာသန်း၊ ထန်းလျက် (၁)တန်၊ တန်ဖိုး (၀.၀၀၁) ဒေါ်လာသန်း၊ နနွင်းတက် (၄) တန်၊ တန်ဖိုး (၀.၀၀၂) ဒေါ်လာသန်း၊ ချင်း(အစို) (၂၈) တန်၊ တန်ဖိုး (၀.၀၀၆) ဒေါ်လာသန်း၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း (၅၄.၉၆)တန်၊ တန်ဖိုး (၀.၀၇၁)ဒေါ်လာသန်း၊ ငါးစုံလေးခြောက် (၂၄)တန်၊ တန်ဖိုး (၀.၀၁၅) ဒေါ်လာသန်း၊ ငါးနီတူခြောက် (၂၁)တန်၊ တန်ဖိုး (၀.၀၁၃) ဒေါ်လာသန်း၊ ငါးခေါင်းပွ (၁၂.၂၄)တန်၊ တန်ဖိုး (၀.၀၁၆) ဒေါ်လာသန်း၊ စက်မှုကုန်ချောပစ္စည်းများမှာ ဆီးယိုထုပ်(၃၁)တန်၊ တန်ဖိုး (၀.၀၀၇)ဒေါ်လာသန်း၊ ထွန်းရွှေဝါ လိမ်းဆေး (၁)တန်၊ တန်ဖိုး (၀.၀၀၁) ဒေါ်လာသန်း၊ သနပ်ခါးခဲ (၉.၄)တန်၊ တန်ဖိုး (၀.၀၀၅)ဒေါ်လာသန်း၊ မုန့်ဖတ်ခြောက်(၁)တန်၊ တန်ဖိုး (၀.၀၀၁)ဒေါ်လာသန်း၊ အမျိုးသမီးဝတ်အင်္ကျီ (၁)တန်၊ တန်ဖိုး (၀.၀၀၁) ဒေါ်လာသန်း၊လူကြီးစီးဖိနပ်(၅၀၀)စုံ၊တန်ဖိုး(၀.၀၀၀)ဒေါ်လာသန်း တင်ပို့ခဲ့ပါတယ်။ သွင်းကုန်အပိုင်းတွင် အောက်တိုဘာလ (၁-၁၀-၂၀၂၃ မှ ၁၇-၁၀-၂၀၂၃)ထိ တင်သွင်းနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

မောင်တောကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့သည့် ပို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ဒညင်းသီး (၁)တန်လျှင် (၃၀၀)ဒေါ်လာ၊ ချင်း(အစို) (၁)တန်လျှင် (၂၀၀)ဒေါ်လာ၊ ငါးမြစ်ချင်း (၁) တန် လျှင်(၁၂၆၆)ဒေါ်လာ၊ ငါးနီတူခြောက်(၁)တန်လျှင် (၃၁၅၀)ဒေါ်လာ၊ ငါးစုံလေးခြောက် (၁)တန်လျှင် (၆၃၀)ဒေါ်လာ၊ ဆီးယိုထုတ် (၁)တန်လျှင် (၃၃၀)ဒေါ်လာ၊ ကွမ်းသီး (၁)တန်လျှင် (၁၀၀၀)ဒေါ်လာ၊ ထွန်းရွှေဝါလိမ်းဆေး(၁)တန်လျှင်(၅၀၀)ဒေါ်လာ၊ သနပ်ခါးခဲ(၁)တန်လျှင် (၅၀၀)ဒေါ်လာ ၊ မုန့်ဖတ်ခြောက် (၁)တန်လျှင် (၁၁၀၀)ဒေါ်လာ၊ ထန်းလျက် (၁)တန်လျှင် (၈၈၀)ဒေါ်လာ၊နနွင်းတက် (၁)တန်လျှင် (၅၆၂) ဒေါ်လာ၊ လူကြီးစီးဖိနပ် (၁)စုံလျှင် (၂.၅၂)ဒေါ်လာ၊ ဈေးနှုန်းရှိပါတယ်။

မောင်တောကုန်သွယ်ရေးစခန်းသို့ ကုန်ပစ္စည်းများဝင်ရောက်သည့် ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် စစ်တွေ-ဘူးသီးတောင်-မောင်တောလမ်းကြောင်းနှင့် စစ်တွေ-အင်ူမော်-မောင်တောလမ်းကြောင်းတို့ဖြစ်ပြီး ယခုအခါ စစ်တွေ-အင်ူမော်-မောင်တောလမ်းကြောင်းမှ ကုန်ပစ္စည်းများ အဓိကဝင်ရောက်လျက်ရှိပြီး ကညင်ချောင်း စီးပွားရေးဇုန်မှတစ်ဆင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်သို့တင်ပို့လျက်ရှိပါသည်။

စစ်တွေမှ မောင်တောသို့ အတက်ကုန်ကားခ တစ်ပိဿာ ကုန်ကျစရိတ်အနေဖြင့် ကုန်ကျစ်တစ်ပိဿာ ကျပ် (၇၀) ကျပ်၊ ကုန်ပွတစ်ပိဿာ ကျပ် (၁၁၀) ကျပ်ဈေးရှိပြီး၊ အဆင်းကုန်ကားခ ကုန်ကျစ် တစ်ပိဿာ ကျပ် (၅၀) ကျပ်နှင့် ကုန်ပွတစ်ပိဿာ ကျပ် (၈၀) ကျပ်ဈေးရှိကြောင်း သိရှိရပါတယ်။

မောင်တောမြို့တွင် ဖြစ်ပေါ်နေသော အခြေခံစားကုန် ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေး (၁) အိတ် (၁၁၆၀၀၀) ကျပ်၊ ဧည့်မထ (၁) အိတ် (၇၅၀၀၀) ကျပ်၊ ကြက်သွန်နီ (၁) ပိဿာ (၃၈၀၀) ကျပ်၊ ကြက်သွန်ဖြူ (၁) ပိဿာ (၈၅၀၀) ကျပ်၊ ငရုတ်သီးခြောက် (၁) ပိဿာ (၁၈၀၀၀) ကျပ်၊ ကြက်ဥ (၃) လုံး (၁၀၀၀) ကျပ်၊ စားအုန်းဆီ (၁) ပိဿာ (၁၀၅၀၀) ကျပ်။ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေခံ စားကုန်ဈေးနှုန်းများမှာဆန် (အဖြူ) (၁)ကီလို (၇၅.၀၀)တာကာ၊ကြက်သွန်နီ (၁) ကီလို (၇၅.၀၀) တာကာ၊အာလူး (၁) ကီလို (၄၅.၀၀) တာကာ၊ခရမ်းချဉ်သီး (၁) ကီလို (၁၅၀.၀၀)တာကာ ၊ကြက်သား (၁)ကီလို(၂၉၀.၀၀) တာကာ၊ကြက်ဥ(၁)ဒါဇင်(၁၅၅.၀၀)တာကာ ဈေးရှိကြောင်းသိရှိရပြီး (၁၆-၁၀-၂၀၂၃) ရက်နေ့ (၁၁:၀၀) အချိန် ပြင်ပငွေလဲနှုန်းမှာ (၁) ဒေါ်လာလျှင်(၂၈၂၀) ကျပ်၊ (၁၁၇.၁၀) တာကာ၊ ၁၀၀ ကျပ်လျှင် (၄) တာကာ၊ (၁) တာကာလျှင် (၂၈.၂၀)ကျပ် ဖြစ်ပေါ်လျက်ရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%99%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%90%E1%80%B1%E1%

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်နေ့မှ (၁၇)ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန် ဒေါ်လာ(၀.၄၀၀၁)သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ (-) သန်း၊ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ (၀.၄၀၀၁)သန်း ဆောင်ရွက်နိုင်မှုရှိကြောင်း သိရှိရ ပါသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့်မန်ကျည်းစေ့(၁)တန်လျှင် အမေရိကန်ဒေါ်လာ (၁၀၀) နှုန်းဖြင့် (၇၃)တန်၊ တန်ဖိုး(၀.၀၀၇၃)ဒေါ်လာသန်း၊ ဆီးဖတ် (၁)တန်လျှင် အမေရိကန်ဒေါ်လာ (၁၁၅) နှုန်း ဖြင့်(၄၀)တန်၊ တန်ဖိုး (၀.၀၀၄၆) ဒေါ်လာသန်း၊ အုန်းသီးခြောက် (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၀) နှုန်းဖြင့် (၅၄)တန်၊ တန်ဖိုး (၀.၀၁၆၂) ဒေါ်လာသန်း၊ ကွမ်းသီး(၁)တန်လျှင် အမေရိကန်ဒေါ်လာ (၂၃၂၁) နှုန်းဖြင့် (၈)တန်၊ တန်ဖိုး (၀.၀၁၈၆)ဒေါ်လာသန်း၊ ငါးမြစ်ချင်း(၁-၂) (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၁၂၅၀)နှုန်းဖြင့် (၁၀၃.၄၀၈)တန်၊ တန်ဖိုး (၀.၁၂၉၃) ဒေါ်လာသန်း၊ငါးမြစ်ချင်း(၂-၃) (၁) တန်လျှင် အမေရိ ကန်ဒေါ်လာ(၁၂၈၀)နှုန်းဖြင့် (၉၉.၇၉၂)တန်၊ တန်ဖိုး (၀.၁၂၇၈) ဒေါ်လာသန်း၊ ငါးမြစ်ချင်း(၃-၅) (၁) တန် လျှင် အမေရိကန်ဒေါ်လာ(၁၃၂၀)နှုန်းဖြင့် (၅၄.၁၇၆)တန်၊တန်ဖိုး(၀.၀၇၁၄) ဒေါ်လာသန်း၊ ငါးသိုင်းခေါင်းပွ (၅-၈) (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၁၂၆၀)နှုန်းဖြင့် (၁၀.၈၄၈)တန်၊ တန်ဖိုး (၀.၀၁၃၆) ဒေါ်လာသန်း နှင့် ငါးသိုင်းခေါင်းပွ(၈ ကီလိုအထက်)(၁) တန်လျှင် အမေရိကန်ဒေါ်လာ (၁၄၀၀)နှုန်းဖြင့် (၈.၀၆၄)တန်၊ တန်ဖိုး (၀.၀၁၁၃) ဒေါ်လာသန်းတို့ကို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းနိုင်ခဲ့ခြင်းမရှိပါ။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် (၁)ဒေါ်လာလျှင်(၁၁၇.၈၀)တာကာနှင့် (၁)တာကာလျှင် (၂၈.၃၀) ကျပ်ဖြစ်ကြောင်း သိရှိရ ပါသည်။ ကုန်ပစ္စည်းသယ်ယူစရိတ်သည် ရန်ကုန်-စစ်တွေကားခမှာ ကုန်ကျစ်(၁)ပိဿာ (၃၅၀)ကျပ်နှင့် ကုန်ပွ(၁)ပိဿာလျှင် (၄၀၀-၄၅၀)ကျပ်ရှိကြောင်းသိရှိရပါသည်။ စစ်တွေ-တက္ကနပ်ဖ် သင်္ဘောတင်ခမှာ(၁)ပိဿာလျှင် ကုန်ကျစ်(၁၁၀)ကျပ်ခန့်နှင့် ကုန်ပွ(၁၂၀)ကျပ်ခန့်ရှိကြောင်းသိရှိရပါသည်။

ရန်ကုန်-စစ်တွေကားလမ်းမှာ မိုးရာသီ လမ်းတံတားခံနိုင်ဝန်အရ (၂၂) ဘီးကုန်ကားကြီးများ သွားလာနိုင်မှုမရှိဘဲ (၁၂)ဘီးနှင့် (၆)ဘီးယာဉ်များသာ သွားလာနိုင်ကြောင်း သိရှိရပါသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရေမိုင်(၇၀)ခန့်ကွာဝေးသော်လည်း ကုန်သွယ်မှုလမ်းကြောင်းအခြေအနေမှာ ပင်လယ်ပြင်ရာသီဥတုအခြေအနေပေါ် မူတည်၍ ကုန်တင်လှေများသွားလာလျက် ရှိပါသည်။

၂၀၂၃ ခုနှစ်၊အောက်တိုဘာလ(၁၄)ရက်နေ့မှ (၁၇)ရက်နေ့အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ခါတ်မြေသြဇာပေါက်ဈေးမှာ (၁)တန်လျှင် (၈၈၃၃၉.၂၂)တာကာ၊ ဘိလပ်မြေ(၁)တန်လျှင် (၁၀၆၀၀.၇၁)တာကာ၊ ဓာတ်ဆီ-၉၅ (၁)ဂါလံလျှင် (၄၂၉.၈၆) တာကာ၊ ဓာတ်ဆီ-၉၂ (၁)ဂါလံလျှင် (၄၀၁.၅၉)တာကာ၊ ဒီဇယ် (ရိုးရိုး) (၁)ဂါလံလျှင် (၄၁၇.၆၇)တာကာ၊ ဒီဇယ် (ပရီမီယမ်) (၁)ဂါလံလျှင် (၄၂၄.၀၃)တာကာနှင့် သံချောင်း (၁)တန်လျှင် (၆၁၈၃၇.၄၆)တာကာဈေးရှိကြောင်းသိရှိရပါသည်။ အဆိုပါနေ့ရက် အတွင်း ငွေလဲနှုန်းမှာ (၁)တာကာလျှင် (၂၈.၃၀)ကျပ်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%85%E1%80%85%E1%80%BA%E1%80%90%E1%80%BD%E1%80%B1%E1%80%80%E1%

## ပို့ကုန်မတ်ပဲဈေးမြင့်တက်လာပြီး နိုင်ငံခြားတင်ပို့ရန်အဝယ်ကောင်းလာတာကြောင့် နှမ်းမျိုးစုံဈေးမြင့်တက်လာ

ပို့ကုန်မတ်ပဲဈေးကောင်းလာပြီး နှမ်းကုန်သည်များနိုင်ငံခြားတင်ပို့ရန်အတွက် အဝယ်ကောင်းနေတာကြောင့် နှမ်းဈေး မြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ရန်ကုန်နှမ်းကုန်သည်များ အဝယ်ကောင်းလာတာကြောင့် မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် အရောင်းအဝယ် အသွက်ဆုံးဖြစ်နေသည်။ အောက်တိုဘာ ၁၇ ရက်နောက်ပိုင်းမှစတင်ကာ ဈေးမြင့်တက်လာသည့် မတ်ပဲမှာ ဆက်လက်ဈေးမြင့်တက်လာကြောင်း၊ ပို့ကုန်ပဲဈေး ဈေးကောင်းလာတာနှင့်အတူ ပြည်တွင်းသုံးကုလား ပဲအုပ်စုမှာလည်းလိုက်ပါ ဈေးကောင်းလာကြောင်း အသစ်ဝင်ရောက်လာသည့်နှမ်းနက်မှာ ရန်ကုန်ဝယ်လက်များ အဝယ်ကောင်းနေတာကြောင့် ဈေးမြင့်တက်အဝယ်သွက်နေသော်လည်း မြေပဲဆန်ဈေးမှာ အဝင်များလာပြီး ပြည်တွင်းဆီစက်ပိုင်များသာ အဝယ်ရှိနေကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။

"ပို့ကုန်မတ်ပဲဈေးကတော့ သိသိသာသာဈေးကောင်းလာပါတယ်။ မတ်ပဲသုံးတင်းတစ်အိတ်ကို ငွေကျပ် ၂၆၅၀၀၀ ထိ ဈေးကောင်းနေပါတယ်။ ပဲစင်းငုံကတော့ လက်ကျန်နည်းလို့ ဈေးကွက်ပျောက်နေပါတယ်။ ပို့ကုန်ပဲဈေးဈေးကောင်းသလို ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း ဈေးလိုက်ကောင်းလာပါတယ်။ ထိုင်ဝမ်ကုလားပဲဆိုရင် တစ်အိတ်ငွေကျပ်၂၇၀၀၀၀ ထိ ပေါက်ဈေးဖြစ်လာပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းလည်း ဈေးကောင်းလာပါတယ်။ နှမ်း နက်အသစ်ဝင်တွေကတော့ ဈေးကောင်းအဝယ်သွက်နေပါတယ်။ အက်စစ်လွတ် အရည်အသွေးကောင်းရင် နှမ်းနက်တစ်အိတ်ကို ငွေကျပ်၃၈၀၀၀၀ ထိ ပေါက်ဈေးဖြစ်လာပါတယ်။ မြေပဲဆန်ကတော့ နယ်စုံကဝင်လာပေမယ့် တရုတ်နိုင်ငံကိုတင်ပို့မှုမရှိတော့ ပြည်တွင်းဆီစက်တွေက အဝယ်ကောင်းပါတယ်။ မြေပဲဆန်ပေါက်ဈေးကတော့ အနည်းငယ် ဆက်လက်ကျဆင်းနေပါတယ်ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၁၉ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ်၂၆၃၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်း အညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးမြင့်တက်လာပြီး အောက်တိုဘာ ၁၉ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊V7 တစ်အိတ် လျှင် ငွေကျပ်၂၈၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၅၅၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေ ထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကနေဒါ\စားတော်ပဲ တစ်အိတ် ငွေကျပ် ၂၂၅၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ယခင် သီတင်းပတ်ထက် သိသိသာသာ ဈေးမြင့်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို(သစ်) တစ်အိတ်လျှင် ငွေကျပ်၂၈၅၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (23.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 83,809 (Shares) | 165,166,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +300 | +3.45% | 9,000 | 9,000 | 9,000 | 30 | 270,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,050 | 3,000 | 5,733 | 17,199,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 133 | 1,050,700 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 363 | 617,100 | 29,664,613 | 50,430 |
| TMH | 00005 | 2,700 | +50 | +1.89% | 2,650 | 2,700 | 2,650 | 1,524 | 4,038,650 | 12,823,224 | 34,623 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,100 | 541 | 1,136,100 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 9 | 44,100 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 3,310 | 5,627,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.16 | +6.24 | +1.67% | 379.19 | 380.22 | 379.19 | 11,643 | 29,983,900 | 8 | 717,045 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Oct. 2023

| Trading Volume | Trading Value |
|---|---|
| 83,809 (Shares) | 165,166,100 (MMK) |

## Main Board

As of 1:00 pm, 23rd Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 83,809 (Shares) | 165,166,100 (MMK) |

| MYANPIX | 380.16 ▲ 6.24 |
|---|---|
| Total Volume (shares) | 11,643 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,045 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 300 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |